# ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

**(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂။)**

**၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်**

**(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို **၂၀၁၂ ခုနှစ်၊ ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေ**ဟုခေါ် တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၁-၂၀၁၂ခု၊ ဘဏ္ဍာရေးနှစ်အတွက်အကျိုးသက်ရောက်ရမည်။

## အခန်း (၂)

## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည် ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ နှင့်ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ နေပြည်တော်စည်ပင်သာယာရေးကော် မတီနှင့်စပ်လျဥ်း၍ ဇယား (၁)၊ (၂) နှင့်(၃) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင်ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည် ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအရခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံး စွဲခြင်းဖြစ်သည်ဟုမှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားတာဝန်ပေးအပ်သည့် သုံးငွေကိုစီမံခန့် ခွဲရန်မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင် သည်။

(ခ) သုံးငွေကိုစီမံခန့် ခွဲရာတွင်ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

Myanmar Law Information System (MLIS)

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဇယား(၁)

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပြည်ထောင်စုအဆင့်ဝန်ကြီး ဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများဇယား(၂)

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ပြည်ထောင်စု အဆင့်ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများဇယား(၂) အဆက်

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ပြည်ထောင်စုအဆင့်ဝန်ကြီး ဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများဇယား(၂)အဆက်

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ပြည်ထောင်စုအဆင့်ဝန်ကြီး ဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများဇယား(၂) အဆုံး

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 နေပြည်တော်စည်ပင်သာယာရေးကော်မတီဇယား(၃)

Myanmar Law Information System (MLIS)